# တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)

# တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၇) ခုနှစ် ထုတ်ပြန်

နေပြည်တော်၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ - ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် "တရားမျှတရေး အတူတကွမြှင့်တင်ပေး" တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ၏ တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၇) ခုနှစ်ကို ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မြန်မာနိုင်ငံ၏တရားစီရင်ရေးစနစ် တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ သုံးနှစ်တာ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ မဟာဗျူဟာ စီမံကိန်းကို အကောင်အထည်ဖော်ရန် အများပြည်သူ တရားမျှတမှု လက်လှမ်းမီရေး၊ အများပြည်သူ အသိအမြင် မြှင့်တင်ပေးရေး၊ တရားစီရင်ရေး၏လွတ်လပ်မှုနှင့်တာဝန်ခံမှုတို့ကို မြှင့်တင်ရေး၊ တရားစီရင်ရေး၏ သာတူညီမျှမှု၊မျှတမှု၊ဂုဏ်သိက္ခာတို့အတွက် ကတိကဝတ်ထိန်းသိမ်းရေး နှင့် အမှုများအား ထိရောက်လျင်မြန်စွာ စစ်ဆေးစီရင်နိုင်ရေး ဆိုသည့် မဟာဗျူဟာ နယ်ပယ် ကြီး (၅)ရပ် သတ်မှတ်၍ နှစ်စဉ် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။

တတိယနှစ်လုပ်ငန်းအစီအစဉ်(၂၀၁၇)ခုနှစ်တွင် ရည်မှန်းချက်များအောင်မြင်ရေး ကို အရှိန်အဟုန်မြှင့်ရန် အများပြည်သူကိုယ်တိုင် သတင်းအချက်အလက်ရယူနိုင်သည့် ကောင်တာများ၊ အများပြည်သူဆိုင်ရာ ခေတ်မီအမှုလက်ခံဌာနပုံစံများ ရေးဆွဲခြင်း နှင့် ထားရှိခြင်း၊ တရားသူကြီးများနှင့် ရုံးဝန်ထမ်းများကို အထူးအားဖြင့် ဝန်ဆောင်မှုနှင့်ဆက်ဆံပြောဆိုမှု၊ သတင်းမီဒီယာ နှင့် ပြောဆိုဆက်ဆံမှု၊ သတင်းအချက်အလက်နည်းပညာ၊ မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် နှင့် တရားရုံးဂုဏ်သိက္ခာရှိရေးဆိုင်ရာ နယ်ပယ်များအတွက် အရည်အသွေးတိုးတက် ရေး လေ့ကျင့်သင်ကြားပေးခြင်း၊ အီလက်ထရောနစ်သတင်းအချက်အလက်စနစ်အား မြှင့်တင် ပေးခြင်း နှင့် တရားရေးဌာနတစ်ခုလုံးအတွက် သတင်းနည်းပညာ အသုံးပြုမှုဆိုင်ရာ ပင်မ လုပ်ငန်းစီမံချက်တစ်ရပ် ပြင်ဆင်ထားခြင်း၊ တိုးချဲ့ထားသည့် ရှေ့ပြေးတရားရုံးများတွင် အထောက်အပံ့ပစ္စည်းများ ခေတ်မီအောင်ဆောင်ရွက်ခြင်း၊ တစ်စုတစ်စည်းတည်းသော တရားရုံး ဘတ်ဂျက်ကို စီမံကြီးကြပ်သည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း နှင့် ဘတ်ဂျက်ဦးစားပေး အစီ အစဉ်များ၏ လုပ်ငန်းစဉ်များကို သုံးသပ်ခြင်း၊ တရားရုံးစာကြည့်တိုက်များအား အဆင့်မြှင့်တင် ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လေ့ကျင့်ဌာန နှင့် သင်တန်းကျောင်းတို့၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း၊တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို ပြန်လည် သုံးသပ်ခြင်း၊ တရားစီရင်ရေးဆိုင်ရာပညာရပ် နှင့် ကျင့်ဝတ်ဆိုင်ရာနည်းဗျူဟာများ မြှင့်တင်

ခြင်း၊ မှုခင်းလမ်းကြောင်း လုပ်ငန်းစဉ်များ၊ အမှုတွဲထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း၊ တရားမမှုခင်းများတွင် စေ့စပ်ဖြန်ဖြေမှုနည်းလမ်း အသုံးပြုနိုင်ရေး အတွက် ဖြစ်နိုင်ခြေများကို လေ့လာခြင်း အစရှိသည်တို့ ဖြစ်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ် နှင့် တရားရုံးအဆင့်ဆင့်သည် လုပ်ငန်းအစီအစဉ်များအောင်မြင်စေရန် အကျိုးသက်ဆိုင်သူများအားလုံး၊ အပြည်ပြည်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

“တရားမျှတရေး အတူတကွမြှင့်တင်ပေး”တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) ၏ တတိယနှစ်လုပ်ငန်းအစီအစဉ် (၂၀၁၇) ခုနှစ်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဝက်ဘ်ဆိုက် http://www.unionsupremecourt.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

**နေပြည်တော်**